# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
## (၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦးရှိတဲ့အနက် ၃၅၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၀၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးမြင့်စိုးအား ခွင့်ပန် ကြားခွင့်ပြုပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ခွင့်ပန်ကြားသူ ၁၈ ဦးရှိပြီး ယခင်ခွင့်ပန်ကြားသူ ၄၉ ဦး စုစုပေါင်း ၆၇ ဦးရှိပါတယ်ခင်ဗျား။ ယနေ့ခွင့်ပန်ကြားသူ ၁၈ ဦးမှာ-

(၁) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၂ ရက်၊

(၂) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၃) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၄) တနင်္သာရီမဲဆန္ဒနယ်မှ ဦးယုံဘီး ခွင့် ၁ ရက်၊

(၅) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၂ ရက်၊

(၆) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၇) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၈) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၉) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၁ ရက်၊

(၁၀) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၁ ရက်၊

(၁၁) သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်၊

(၁၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊

(၁၃) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁ ရက်၊

(၁၄) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၁ ရက်၊

(၁၅) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၂ ရက်၊

(၁၆) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

(၁၇) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၁၈) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ခင်ဗျာ။ အားလုံးကို ခွင့်ပြုပေးပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြန်မာ့အားကစား မြင့်မားတိုးတက်ရေးအတွက် ပြုပြင်ထိန်းသိမ်းစရိတ်၊ ပြိုင်ပွဲစရိတ်များကို နှစ်စဉ် ဘတ်ဂျက်များတွင်ထည့်သွင်းချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုနီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့အားကစားမြင့်မားတိုးတက်ရေးအတွက် မြို့နယ်/ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနများဟာ ပြိုင်ပွဲကျင်းပခြင်းနှင့် ပြိုင်ပွဲစရိတ်များ လေ့ကျင့်ရန်နှင့် ပြိုင်ပွဲများကျင်းပနိုင်ရန် အားကစားပစ္စည်းများ၊ အားကစားကွင်း၊ အားကစားခန်းမများ အမြဲသန့်ရှင်းသာယာလှပအောင် ပြုပြင်ထိန်းသိမ်းစရိတ်၊ ပြိုင်ပွဲစရိတ်များကို နှစ်စဉ်ဘတ်ဂျက်များတွင် ထည့်သွင်းချထားပေးရန် လိုအပ်မည်ဟု ယူဆပါ၍ ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်တာဝန်ကို တစ်ဖက်တစ်လမ်းက ထမ်းဆောင်နိုင်ရန် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်နေစေရန် အလွန်အရေးကြီးပါတယ်။ ကျန်းမာရေးဟာ ဆုလာဘ်ကြီးတစ်ခုဖြစ်တဲ့အတွက် လူတိုင်းကျန်းမာရေးပြည့်စုံစေရန် အားကစားနည်းတစ်ခုခုကို လေ့ကျင့်နိုင်ခြင်းဖြင့် ကျန်းမာရေးကိုပို၍ပြည့်စုံစေတာ အားလုံးအသိဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာ့အားကစားမြင့်မားရေး လိုအပ်မယ်လို့လည်း ကျွန်တော်တင်ပြရခြင်းဖြစ်ပါတယ်။ မြန်မာ့အားကစား အောင်မြင်တိုးတက်ရေးအတွက် အခြေခံကျသော မြို့နယ်/ခရိုင်များတွင် အားကစားပြိုင်ပွဲများ များများကျင်းပနိုင်ရန်လိုအပ်ပါတယ်။ မြို့နယ်များတွင် ရပ်ကွက်/ကျေးရွာပြိုင်ပွဲများကျင်းပပြီး အားကစားနည်းအလိုက် အလားအလာရှိသောအားကစားများကို ရှာဖွေစုဆောင်းလေ့ကျင့်ပြီး ခရိုင်များတွင် မြို့နယ်အလိုက်ပြိုင်ပွဲကျင်းပခြင်း၊ ထိုမှတစ်ဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက်

ပြိုင်ပွဲများကျင်းပဆောင်ရွက်ခြင်းအားဖြင့် အားကစားသမားတစ်ဦးဟာ အဆင့်ဆင့်ရွေးချယ်ယှဉ်ပြိုင်ရသောကြောင့် ပြိုင်ပွဲအတွေ့အကြုံများရရှိပြီး အရည်အချင်းပြည့်ဝသော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတစ်ဦး ဖြစ်လာနိုင်မှာ ဖြစ်ပါတယ်။ အားကစားသမားများ ရှာဖွေစုဆောင်းလေ့ကျင့်ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရန် အောက်ခြေအဆင့်များဖြစ်သည့် မြို့နယ်/ခရိုင်များတွင် အားကစားပြိုင်ပွဲများစဉ်ဆက်မပြတ် အဆင့်ဆင့်ကျင်းပနိုင်ရန်အတွက် ယခင်ကလို ကျွန်တော်တို့ ဒေသဆိုင်ရာလုပ်ငန်းရှင်များ၊ အလှူရှင်များရဲ့ အကူအညီတောင်းခံပြီးတော့ ဒေသအာဏာပိုင်များအား အမြဲတမ်းအားကိုးနေ၍ အဆင်မပြေနိုင်တော့ပါ။ မြို့နယ်များတွင် ကျေးရွာအလိုက် ကျင်းပတဲ့ အားကစားပြိုင်ပွဲများ၊ ကျောင်းများမှာကျင်းပတဲ့ အားကစားပြိုင်ပွဲများ၊ လူမှုရေးအဖွဲ့အစည်းများမှာ ကျင်းပတဲ့ အားကစားပြိုင်ပွဲများမှာ ပြိုင်ပွဲတွင်လိုအပ်တဲ့ အချို့အားကစားပစ္စည်းများကို မြို့နယ်/ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနကို အားကိုးတကြီးသွားရောက်ပြီးတော့ လိုအပ်တဲ့ အားကစားပစ္စည်းများကို သွားရောက်ငှားရမ်းလျက်ရှိတာကို တွေ့ရပါတယ်။ အားကစားပစ္စည်းများကို ပုံမှန်နှစ်စဉ်စိစစ်ချထားပေးခြင်းမရှိကြောင်းလည်း သိရပါတယ်။ အားကစားသမားများ၊ အားကစားကွင်း၊ အားကစားခန်းမများ အဆင်ပြေချောမွေ့သန့်ရှင်းသာယာစွာဖြင့် အားကစားလေ့ကျင့်နိုင်ရန်အတွက် အားကစားခန်းမများ သန့်ရှင်းသာယာရေးအတွက် ခရိုင်/မြို့နယ်/အားကစား ကာယပညာဦးစီးဌာန၏ဖွဲ့စည်းပုံအရ မြို့နယ်အတွင်း အရာထမ်းတစ်ဦး၊ အမှုထမ်းငါးဦး၊ ခရိုင်တွင် အရာထမ်းနှစ်ဦး၊ အမှုထမ်းငါးဦးရှိသော်လည်း မြို့နယ်/ခရိုင်များတွင် စုစုပေါင်းသုံးဦး သို့မဟုတ် လေးဦးသာရှိတဲ့အတွက် အားကစားကွင်း၊ အားကစားခန်းမများ အမြဲသန့်ရှင်းသာယာလှပအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုအားနည်းနေတာတွေ့ရပါတယ်။ အားကစားမြှင့်တင်ခြင်းဟာ နိုင်ငံတော်ကာကွယ်တည်ဆောက်ခြင်း ဖြစ်ပါတယ်။ အားကစားဂုဏ်သိက္ခာမြင့်မားတိုးတက်ခြင်းဟာ နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာမြင့်မားတိုးတက်ခြင်းကိုရောင်ပြန်ဟပ်စေပါတယ်။ နိုင်ငံတော်၏ အားကစားမြင့်မားတိုးတက်စေရန် နိုင်ငံတော်မှအားထားရသည့် အရည်အချင်းပြည့်ဝသောအားကစားသမားများ နှစ်စဉ်မွေးထုတ် ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် အားကစားနှင့် ကာယပညာဦးစီးဌာနမှရေးဆွဲသည့် အားကစားပြက္ခဒိန်အရ လအလိုက်ကျင်းပသည့်ပြိုင်ပွဲများ လေ့ကျင့်ရန်နှင့် ပြိုင်ပွဲများကျင်းပနိုင်ရန် အားကစားပစ္စည်းများ၊ အားကစားကွင်း၊ အားကစားခန်းမများ ပြုပြင်ထိန်းသိမ်းစရိတ်များကို နှစ်စဉ်ဘတ်ဂျက်များတွင် ထည့်သွင်းချထားပေးနိုင်ခြင်းရှိ/မရှိ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားကစားဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇော်ဝင်း(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဇော်ဝင်းဖြစ်ပြီး အားကစားဝန်ကြီးဌာနကိုယ်စား မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘိုနီ၏ ကြယ်ပွင့်ပြမေးခွန်းတင်သွင်းလာခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားဝန်ကြီးဌာနအနေနဲ့ ဖော်ပြပါမေးခွန်းများနှင့်ပတ်သက်လို့ ကျွန်တော်တို့ ဆောင်ရွက်ဆဲလုပ်ငန်းများကို အကျဉ်းတင်ပြခွင့်ပြုပါ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အလိုက်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဖလားအားကစားပြိုင်ပွဲများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရဲ့ မြို့တော်တော်များများမှာ ကျင်းပပြုလုပ်ပေးနိုင်ခဲ့ပြီးတော့ ၎င်းပြိုင်ပွဲများရဲ့ ပြိုင်ပွဲကျင်းပစရိတ်၊ ခရီးစရိတ်၊ စားသောက်စရိတ်များကို နေရာဒေသအလိုက်ကျင်းပတဲ့ အားကစားနည်းများနှင့် ပြိုင်ပွဲရဲ့အမျိုးအစားအပေါ်မှာမူတည်ပြီးတော့ အနည်းဆုံးကျပ် သိန်းပေါင်း ၁၇၀ ကျော်ကနေ ကျပ်သိန်းပေါင်း ၅၅၀ ကျော်အထိ အားကစားဝန်ကြီးဌာနရဲ့ ဘတ်ဂျက်မှ ကျခံပေးလျက်ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာယနေ့အားကစားနည်းများအတွက် ပြိုင်ပွဲကျင်းပစရိတ်၊ ယှဉ်ပြိုင်လေ့ကျင့်ရေးစရိတ်တွေ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်းပဲ ခုနက ဖော်ပြတဲ့လုပ်ငန်းများကိုဆောင်ရွက်နိုင်ဖို့ ကျပ်သိန်း ၇၀၀ ထည့်သွင်းလျာထားလျက်ရှိပါကြောင်းနှင့် ခရိုင်/မြို့နယ်ပြိုင်ပွဲကျင်းပစရိတ်များနှင့် ယှဉ်ပြိုင်စရိတ်များကိုတော့ တိုင်းဒေသကြီးရဲ့ ဘတ်ဂျက်မှာ ထည့်သွင်းလျာထားပေးဖို့ ညှိနှိုင်းခဲ့ပါတယ်။

ခရိုင်/မြို့နယ်ရှိ အားကစားပြိုင်ပွဲများကျင်းပခြင်း၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးစရိတ်များ၊ အားကစားကွင်း/အားကစားရုံ ထိန်းသိမ်းခြင်းဆိုင်ရာများကို သက်ဆိုင်ရာခရိုင်/မြို့နယ် အားကစားနှင့်ကာယပညာကော်မတီ၊ မြို့နယ်/ခရိုင် စီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများရဲ့ ကြီးကြပ်မှုအစီအစဉ်နဲ့ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ဒီဘတ်ဂျက်ထည့်သွင်းပေးရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း ပြောကြားလိုပါတယ်။ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုတော့

ကျွန်တော်တို့ သက်ဆိုင်တဲ့အချက်ကလေးတစ်ချက်ကို အနည်းငယ်ဖြည့်စွက်တင်ပြလိုပါတယ်။ ဒါက တော့ ဝန်ကြီးဌာနမှငွေလုံးငွေရင်းအသုံးစရိတ်လျာထားတင်ပြရာမှာ ပြည်ထောင်စုရဲ့ ငွေလုံးငွေရင်း အသုံးစရိတ်များလျာထားချက်သည် ကန့်သတ်ချက်များရှိတာကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များအနေနဲ့ မိမိတို့ရဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထားဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ယခုလာမယ့် မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အားကစားကွင်း/အားကစားရုံ များ ပြုပြင်ထိန်းသိမ်းခြင်းအတွက်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း စာရင်းတွင်ထည့်သွင်းပေး နိုင်ပါရန် ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်အပ်ပါတယ်။

**ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ အတည်ပြုထားသော ဥပဒေ များအနက် အချို့ဥပဒေများ၏ နည်းဥပဒေများကို အမြန်ဆုံးထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ ဥပဒေများကို လက်တွေ့ အသုံးပြုဆောင်ရွက်ရာ၌ လိုအပ်နေသေးသော နည်းဥပဒေများကို အမြန်ဆုံးထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒီမိုကရေစီဖော်ဆောင်နေတဲ့ ကျွန်မတို့ရဲ့ နိုင်ငံတော်ကြီးမှာ ခေတ်နှင့်အညီ လိုက်လျောညီထွေမှုမရှိတော့တဲ့၊ ကိုက်ညီမှုမရှိတော့တဲ ဥပဒေများကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုရေးဆွဲ ပြဋ္ဌာန်းခဲ့ကြပါတယ်။ ဒီအတည်ပြုရေးဆွဲခဲ့တဲ့ ဥပဒေများကို သက်ဆိုင်ရာနိုင်ငံတော်အကြီးအကဲ မှလည်း ထုတ်ပြန်ထားတာကို တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ဥပဒေအချို့မှာ ဥပဒေသာထွက်ပေါ် လာပြီး ယနေ့ထက်တိုင်အချိန်မီ နည်းဥပဒေကို ထုတ်ပြန်ထားခြင်းမရှိတာကို တွေ့ရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ယခုလိုမျိုး နည်းဥပဒေကို အချိန်မီထုတ်ပြန်ထားခြင်းမရှိတဲ့အတွက်ကြောင့် ဒီဥပဒေကို အသုံးပြုတဲ့အခါမှာ အင်မတန်မှကို လိုအပ်နေတဲ့ ဥပမာအားဖြင့် ကိုယ်ခန္ဓာသာရှိပြီးတော့ ခေါင်းမရှိတဲ့ကိုယ် အဲ့လိုမျိုးတွေဖြစ်နေပါတယ်ရှင့်။ ဒါ့ကြောင့်မို့ ပိုမိုပြည့်စုံနိုင်ဖို့အတွက် ဥပဒေတစ်ခုကို အသုံးပြုဆောင်ရွက်နိုင်ဖို့အတွက် ဥပဒေနဲ့အတူ နည်းဥပဒေများကို အချိန်မီအမြန်ဆုံး ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတဲ့အကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဘားအံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာရဲ့ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားသော၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှအတည်ပြုထားသောဥပဒေများအနက် အချို့ဥပဒေများရဲ့ နည်းဥပဒေများကို အမြန်ဆုံးထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုတဲ့မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော့်အနေနဲ့ ဖြေကြားတင်ပြပါမယ်။ ဥပဒေတစ်ရပ်ပြဋ္ဌာန်းတဲ့အခါမှာ ဥပဒေပါပြဋ္ဌာန်းချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လိုအပ်ပါက နည်းဥပဒေများထုတ်ပြန်နိုင်ဖို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ရပ်ကို အပ်နှင်းတဲ့ပြဋ္ဌာန်းချက်ကို ဥပဒေတွေမှာ ထည့်သွင်းပြဋ္ဌာန်းလေ့ရှိပါတယ်။ ဥပဒေတစ်ရပ်ရပ်ပြဋ္ဌာန်းခြင်းဟာ တိုက်ရိုက်ဥပဒေပြုခြင်း (Direct Legislation) ဖြစ်ပြီးတော့ နည်းဥပဒေများထုတ်ပြန်ခြင်းကတော့ တစ်ဆင့်ခံဥပဒေပြုခြင်း (Indirect or Subordinate Legislation) ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြည်ထောင်စုလွှတ်တော်က ဥပဒေတစ်ရပ်ပြဋ္ဌာန်းတဲ့အခါ ပုဒ်မ ၉၇(က)(၁)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို နည်းဥပဒေများထုတ်ပြန်နိုင်ခွင့်ကို အပ်နှင်းနိုင်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေတစ်ရပ်ပြဋ္ဌာန်းတဲ့အခါမှာ ပုဒ်မ ၁၈၉(က)(၁)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့အစည်းတစ်ရပ်ရပ်ကို နည်းဥပဒေထုတ်ပြန်ခွင့်များကို အပ်နှင်းနိုင်ပါတယ်။ ဒီလိုဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေက ဥပဒေတွေ ပြဋ္ဌာန်း

တဲ့အခါ သက်ဆိုင်ရာအဖွဲ့အစည်းများကို နည်းဥပဒေများထုတ်ပြန်နိုင်ခွင့်၊ အပ်နှင်းတဲ့ပြဋ္ဌာန်းချက်များ ဖော်ပြလေ့ရှိပါတယ်။ ဥပဒေတစ်ရပ်ရပ်မှာ သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုခုက လိုအပ်တဲ့နည်းဥပဒေ များကို ထုတ်ပြန်နိုင်ကြောင်း ပြဋ္ဌာန်းချက်ဟာ နည်းဥပဒေများကို မဖြစ်မနေထုတ်ပြန်ရမယ့်သဘော မဟုတ်ဘဲ သက်ဆိုင်ရာစီမံခန့်ခွဲတဲ့အဖွဲ့အစည်းက ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လိုအပ်တဲ့အခါနည်းဥပဒေများ ထုတ်ပြန်နိုင်ဖို့ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် နည်းဥပဒေများ ထုတ်ပြန်ရန်လိုအပ်တဲ့ ဥပဒေများရှိသလို၊ နည်းဥပဒေထုတ်ပြန်ရန်မလိုအပ်တဲ့ ဥပဒေများလည်း ရှိတာကို တွေ့ရှိရပါတယ်။ ဒီလိုနည်းဥပဒေထုတ်ပြန်ရန်လိုအပ်ခြင်းရှိ/မရှိဟာ ဥပဒေတစ်ခုချင်းရဲ့ သဘောသဘာဝအပေါ်မှာလည်း မူတည်ကြောင်း တွေ့ရှိရပါတယ်။ ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေကို လေ့လာရာမှာ နည်းဥပဒေထုတ်ပြန်ခြင်းမရှိတဲ့ဥပဒေတွေလည်း များစွာရှိတာကို တွေ့ရ ပါတယ်။ သာဓကအားဖြင့် လွတ်လပ်ရေးမရမီကပြဋ္ဌာန်းခဲ့တဲ့ Penal Code, The Arms Act, The Public Property Protection Act(1947), The Myanmar Official Secrets Act ၊ ပါလီမန် ခေတ်ကပြဋ္ဌာန်းခဲ့တဲ့ ၁၉၅၀ ခုနှစ် အရေးပေါ်စီမံမှုအက်ဥပဒေ၊ ၁၉၅၅ ခုနှစ် ကလေးသူငယ်များအက် ဥပဒေ၊ ၁၉၅၈ ခုနှစ် မသန်မစွမ်းဖြစ်လာသူများ အလုပ်ရရှိရေးအက်ဥပဒေ၊ တော်လှန်ရေးကောင်စီ ခေတ်မှာပြဋ္ဌာန်းခဲ့တဲ့ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ၊ ၁၉၆၄ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေ၊ ပြည်သူ့လွှတ်တော်ခေတ်က ပြဋ္ဌာန်းခဲ့သော ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ၊ လောင်းကစားဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းခဲ့သော နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေ၊ မြန်မာ နိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့တဲ့ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ စသဖြင့် ဒီဥပဒေတွေဟာ နည်းဥပဒေထုတ်ပြန်ခဲ့ခြင်းမရှိတဲ့ဥပဒေများဖြစ်ကြောင်း ဖော်ပြအပ်ပါတယ်။

၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးပုဒ်မ ၁၃(ခ)မှာ ဥပဒေတစ်ရပ်ရပ်မှာ ဒီဥပဒေအာဏာတည်တဲ့နေ့ရက်ကို အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ထုတ်ပြန်ကြေညာတဲ့ နေ့ရက်မှာ စတင်အာဏာတည်မှာဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ရာ ဥပဒေတစ်ရပ်အတွက် နည်းဥပဒေထုတ်ပြန်ခြင်းမရှိစေကာမူ ယင်းဥပဒေဟာ အာဏာတည်တဲ့အတွက်ကြောင့် ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်းလည်း တွေ့ရှိရပါတယ်။ ပြဋ္ဌာန်း လိုက်တဲ့ဥပဒေတစ်ခုချင်းရဲ့ သဘောသဘာဝအရ နည်းဥပဒေထုတ်ပြန်ရန်မလိုတဲ့အတွက်ကြောင့်

နည်းဥပဒေထုတ်ပြန်ခြင်းမရှိတဲ့ ဥပဒေများ၊ နည်းဥပဒေထုတ်ပြန်ရန်လိုအပ်တဲ့အတွက်ကြောင့် နည်းဥပဒေထုတ်ပြန်ပြီးဖြစ်တဲ့ဥပဒေများနှင့် နည်းဥပဒေထုတ်ပြန်ရန် စိစစ်ဆောင်ရွက်ဆဲဖြစ်တဲ့ ဥပဒေများဆိုပြီးတော့ အသီးသီးတွေ့ရှိရပါတယ်။ ဥပဒေတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေကို လိုအပ်ချက်နှင့်အညီ အမြန်ထုတ်ပြန်ရသည်များရှိသကဲ့သို့ ဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့အခြေအနေ၊ ပေါ်ပေါက်ချက်များအပေါ်အခြေခံလျက် ကာလတစ်ခုအထိ အချိန်ယူလေ့လာပြီးမှ နည်းဥပဒေများကို လိုအပ်သလို ထုတ်ပြန်ရတာတွေလည်းရှိကြောင်း တွေ့ရှိရပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွေက ပြဋ္ဌာန်းထားတဲ့ ဥပဒေများအရ နည်းဥပဒေထုတ်ပြန်မှုအခြေအနေကို မေးမြန်းခဲ့ရာမှာတော့ ကချင်ပြည်နယ်မှာ ဥပဒေ ၁၈ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ၇ ခုထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ကယားပြည်နယ်မှာ ဥပဒေ ၄ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေတစ်ခုနဲ့ လုပ်ထုံးလုပ်နည်း ၁ ခု ထုတ်ပြန်ပြီးဖြစ်ပါတယ်။ ကရင်ပြည်နယ်မှာ ဥပဒေ ၇ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ၁ ခုထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ ဥပဒေ ၁၄ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေထုတ်ပြန်နိုင်ခြင်းမရှိသေးပါဘူး။ စစ်ကိုင်းတိုင်းဒေသကြီးမှာတော့ ဥပဒေ ၃၇ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ၂၃ ခုနှင့် လုပ်ထုံးလုပ်နည်း ၅ ခုထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ ဥပဒေ ၂၀ ခု ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ၁၄ ခုထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာ ဥပဒေ ၁၄ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ၁ ခု ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးမှာ ဥပဒေ ၁၉ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ၄ ခု ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ ဥပဒေ ၂၆ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ၁၄ ခုထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ မွန်ပြည်နယ်မှာ ဥပဒေ ၂၈ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ၁ ခုထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ဥပဒေ ၂၁ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ၄ ခု ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ဥပဒေ ၁၈ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေထုတ်ပြန်ခဲ့ခြင်းမရှိသေးပါ။ ရှမ်းပြည်နယ်မှာ ဥပဒေ ၂၁ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေထုတ်ပြန်ခဲ့မှုမရှိသေးပါ။ ဧရာဝတီတိုင်းဒေသကြီးမှာ ဥပဒေ ၂၅ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ၅ ခုထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများအနေနဲ့ နည်းဥပဒေထုတ်ပြန်ရန်လိုအပ်တဲ့ ဥပဒေတွေအတွက် သက်ဆိုင်ရာနည်းဥပဒေတွေကို ထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ပြဋ္ဌာန်းဥပဒေများကို လက်တွေ့အကောင်အထည်ဖော်ရာမှာ နည်းဥပဒေများကို ထုတ်ပြန်ရန်လိုအပ်ခြင်းရှိ/မရှိနှင့် နည်းဥပဒေထုတ်ပြန်ရန်လိုအပ်တဲ့ ဥပဒေတစ်ရပ်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းက ဥပဒေတစ်ခုချင်းရဲ့ သဘောသဘာဝအလိုက် သုံးသပ်ဆောင်ရွက်ရသဖြင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများအနေဖြင့်လည်း နည်းဥပဒေထုတ်ပြန်ရန်လိုအပ်ပါက ထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆနွနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ နောက်ဆက်တွဲအနေနဲ့ မေးခွန်းတစ်ခုမေးလိုပါတယ်။ ဒီမေးခွန်းလေးကလည်းပဲ ကျွန်မတို့နိုင်ငံမှာ အများဆုံးမှီတင်း နေထိုင်ကြတဲ့ အခြေခံအကျဆုံးလူတန်းစားဖြစ်တဲ့ တောင်သူလယ်သမားအကျိုးစီးပွားအတွက် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ နည်းဥပဒေထုတ်ပြန်ခြင်းမရှိသေးတဲ့ ဥပဒေထုတ်ပြန်ပြီးဖြစ်တဲ့ ဒီ တစ်နှစ်ကျော်လွန်ပြီဖြစ်တဲ့ တောင်သူလယ်သမားရဲ့ အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေဟာ နည်းဥပဒေထုတ်ပြန်ဖို့ အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေတော့ ဒီနေ့ ခုကျွန်တော် Agenda ကြည့်လိုက်တော့ (၆) မှာ ဒီကနေ့ ပြည်သူ့လွှတ်တော်ကတင်သွင်းမယ့် ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းအတည်ပြုဖို့ ဆိုတာပါပါတယ်ခင်ဗျား။ အဲ့ဒီတော့ ကျွန်တော်သိသလောက်တော့ နည်းဥပဒေကလည်း သက်ဆိုင်ရာကို ဝန်ကြီးဌာနနဲ့ ကော်မတီများက ပြဋ္ဌာန်းဖို့အတွက် ရေးဆွဲဆောင်ရွက်နေတာဟာ အပြီးသတ် တောင်ရောက်နေပြီလို့တော့ ကျွန်တော် သိရှိရပါတယ်။ ကျွန်တော်တင်ပြလိုတာကတော့ ဒီဥပဒေသည်ပင်လျှင် ပြင်ဆင်တဲ့ဥပဒေကြမ်း ယနေ့မှ သာလွှတ်တော်မှာ အတည်ပြုမှာဖြစ်တဲ့အတွက် နည်းဥပဒေတွေကလည်း ခုနက ဒီပြင်ဆင်တဲ့ ဥပဒေတွေတောင်မထွက်သေးတော့ နည်းဥပဒေထွက်လာဖို့ဆိုတာ ဒီလိုလေး အချိန်လေးတွေ ကွာခြားမှုရှိနိုင်ပါကြောင်းလည်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့်ပတ်သက်လို့ ရှေ့နေချုပ်ရုံးက ဂယနဏာသိနိုင်တဲ့ သဘောမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီနေ့ ဒီအစည်းအဝေးမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကလည်း ပါရှိတဲ့အတွက် မေးတဲ့မေးခွန်းကို ရှင်းလင်းအောင်ပြန်ဖြေပေးမယ်ဆိုရင်တော့ ပိုကောင်း

ပါတယ်။ ဖြေနိုင်ရင်ဖြေပေးပါ။ မဖြေနိုင်ရင်လည်း မဖြေနိုင်တဲ့အကြောင်းပြောပါ။ မေးခွန်းမေးတဲ့ သဘောနားလည်လားမသိဘူး။ ကျွန်တော်နားလည်တာက တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေးဥပဒေဟာ ပြီးခဲ့တဲ့နှစ် အောက်တို ဘာလက လွှတ်တော်ကထုတ်ပြန်လိုက်ပြီး ဖြစ်ပါတယ်။ ဥပဒေပြုပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေ့အချိန်အထိ ဒီနည်းဥပဒေဟာ ထွက်ပေါ်လာခြင်းမရှိသေးပါဘူး။ ဒါကြောင့်မို့လို့ မေးတဲ့မေးခွန်းက ဒီဟာ နည်းဥပဒေ ထွက်လာဖို့ အစီအစဉ်ရှိ/မရှိဆိုတဲ့ဟာပဲမေးခြင်းဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်ပတ်သက်ပြီးတော့ နည်းဥပဒေကိုလည်း ရေးဆွဲ လျက်ရှိပါတယ်။ ရေးဆွဲပြီးတော့ နိုင်ငံတော်သမ္မတရုံးကိုလည်း တင်ပြပြီးဖြစ်ပါတယ်။ သမ္မတရုံးက အဲဒါကို စိစစ်ပြီးလို့ရှိရင် ပြည်ထောင်စုလွှတ်တော်ကို တင်ပြမယ်လို့ ကျွန်တော် သိထားပြီးဖြစ်ပါတယ်။ ရေးဆွဲလျက်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြောပါ။

**ဦးအောင်သန့်(ပုသိမ်ကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီတောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုး စီးပွားမြှင့်တင်ရေးဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်သိသမျှ တင်ပြလို ပါတယ်။ ပြီးခဲ့တဲ့လနောက်ဆုံးအပတ်မှာ ကျွန်တော်တို့ ဒုတိယအကြိမ် နည်းဥပဒေကို ညှိနှိုင်းပြီးဖြစ်ပါ တယ်။ အဲဒီ ဒုတိယအကြိမ် နည်းဥပဒေကိုညှိနှိုင်းတဲ့ကိစ္စကို သမ္မတကြီးဆီကို တင်ပြတဲ့အချိန်မှာ ဒါနောက်ဆုံးအကြိမ်ဖြစ်လိမ့်မယ်လို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကနေ ကျွန်တော် တို့နဲ့ ဒီလိုဆွေးနွေးထားတာရှိပါတယ်။ မကြာခင်မှာပဲ ဒါထွက်လာလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့် ပါတယ်။ ဒီနေရာမှာအခက်အခဲရှိတာကတော့ ကျွန်တော်တို့ ဒီနေ့ Agenda (၆) မှာတင်ပြထားတဲ့ ကျွန်တော်တို့ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကိုလည်း စောင့်နေတဲ့ သဘောရှိပါတယ်။ အဲဒါလေးပြင်ဆင်ပြီးရင် တစ်ဖက်က နည်းဥပဒေကို တောက်လျှောက်ထွက်လာမယ့်သဘော အဆင့်ကိုရောက်နေပါပြီလို့ ကျွန်တော်သိသမျှ တင်ပြအပ်ပါတယ်ခင်ဗျား။

**ခန္တီးခရိုင်နှင့် ခန္တီးမြို့နယ် ရဲတပ်ဖွဲ့တို့တွင် လိုအပ်သော အဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးလှထွန်း၊ ခန္တီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှထွန်း (ခန္တီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်း ဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှထွန်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခန္တီး မြို့ဟာ ခရိုင်မြို့ဖြစ်သည်နှင့်အညီ ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ ရဲစခန်းအသီးသီး ဖွင့်လှစ်ထားရှိ ပါတယ်။ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရဲ့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်၊ ရက်စွဲပါစာအမှတ်၊ ၁၆၃၀(၁၄)/ ၉၀၇/၁၀၃၂ လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရဲ့ ၂၀၁၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့ ရက်စွဲပါစာအမှတ် ၁၀၀၂(၀၂)/၉၀၇၊ ၁၀၀၃ ဖြင့်လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့ရုံးတစ်လုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတစ်လုံး၊ မြို့နယ်စခန်းရုံးနှင့် အချုပ်ခန်းတွဲလျက်အဆောက်အဦးတစ်လုံး၊ လုံးချင်းနေအိမ်နှစ်လုံး၊ နှစ်ခန်းတွဲ အိမ်ယာနှစ်လုံးနှင့် လေးခန်းတွဲအိမ်ယာတစ်လုံး၊ ခြောက်ခန်းတွဲအိမ်ယာတစ်လုံး ဦးစားပေးဆောက် လုပ်ရန်လိုအပ်ကြောင်း တင်ပြထားသည်ကို တွေ့ရပါတယ်။ ယင်းအဆောက်အဦများကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါ တယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းရဲ့ မေးခွန်း နဲ့စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်မှာ ခန္တီး၊ ဟုမ္မလင်း၊ လဟယ်၊ လေရှီး၊ နန်းယွန်းစတဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ငါးရုံး၊ မြို့မရဲစခန်း ငါးခု၊

နယ်မြေရဲစခန်း ၁၀ ခုနဲ့ ရဲကင်းစခန်း ၁၇ ခုနဲ့ ဖွဲ့စည်းတာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ခန္တီးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှာ ရုံးအဆောက်အဦနှစ်လုံး၊ လူနေအဆောက်အဦတစ်လုံး၊ လေးခန်းတွဲ နှစ်လုံး စုစုပေါင်း နေအိမ်လိုင်းခန်း ကိုးခန်းနဲ့ ၃၀ ဆံ့ လူပျိုဆောင်တစ်လုံး၊ ခန္တီးမြို့နယ်ရဲတပ်ဖွဲ့မှာ ရုံးအဆောက်အဦတစ်လုံး၊ ရဲစခန်းအဆောက်အဦသုံးလုံး၊ လူနေအဆောက်အဦ ခြောက်လုံး၊ လေးခန်းတွဲ ခြောက်လုံး၊ ခြောက်ခန်းတွဲတစ်လုံး စုစုပေါင်းနေအိမ်လိုင်းခန်း ၃၆ ခန်းနဲ့ ၃၀ ဆံ့လူပျိုဆောင် နှစ်လုံး၊ ဟုမ္မလင်းမြို့နယ်ရဲတပ်ဖွဲ့မှာ ရုံးအဆောက်အဦတစ်လုံး၊ ရဲစခန်းအဆောက်အဦငါးလုံး၊ လူနေအဆောက်အဦ လုံးချင်း ၁၁ လုံး၊ နှစ်ခန်းတွဲ ၁၃ လုံး၊ သုံးခန်းတွဲ သုံးလုံး၊ လေးခန်းတွဲ ၁၂ လုံး၊ စုစုပေါင်းနေအိမ်လိုင်းခန်း ၉၄ ခန်းတို့ရှိပါတယ်။ လေရှီးမြို့နယ်ရဲတပ်ဖွဲ့မှာ ရုံးအဆောက်အဦတစ်လုံး ရဲစခန်းအဆောက်အဦတစ်လုံး၊ လူနေအဆောက်အဦလေးလုံး၊ နှစ်ခန်းတွဲ သုံးလုံး၊ လေးခန်းတွဲ ငါးလုံး၊ ခြောက်ခန်းတွဲ ၁၀ လုံး၊ စုစုပေါင်းနေအိမ်လိုင်းခန် ၉၀ ခန်း၊ ၃၀ ဆံ့လူပျိုဆောင်နှစ်လုံး၊ လဟယ်မြို့နယ်ရဲတပ်ဖွဲ့မှာ ရုံးအဆောက်အဦတစ်လုံး၊ ရဲစခန်းအဆောက်အဦနှစ်လုံး၊ လူနေအဆောက်အဦ နှစ်ခန်းတွဲ တစ်လုံး၊ လေးခန်းတွဲငါးလုံး၊ ခြောက်ခန်းတွဲရှစ်လုံး၊ စုစုပေါင်း နေအိမ်လိုင်းခန်း ၇၀ ခန်းနဲ့ ၃၀ ဆံ့လူပျိုဆောင်နှစ်လုံး၊ နန်းယွန်းမြို့နယ်ရဲတပ်ဖွဲ့မှာ ရုံးအဆောက်အဦနှစ်လုံး၊ ရဲစခန်းအဆောက်အဦသုံးလုံး၊ လူနေအဆောက်အဦ နှစ်ခန်းတွဲနှစ်လုံး၊ သုံးခန်းတွဲနှစ်လုံး၊ လေးခန်းတွဲနှစ်လုံး၊ ခြောက်ခန်းတွဲ ၁၁ လုံး၊ စုစုပေါင်းနေအိမ်လိုင်းခန်း ၉၄ ခန်း၊ ၃၀ ဆံ့လူပျိုဆောင် သုံးလုံးတို့ရှိပါတယ်။ သို့ဖြစ်ပါ၍ ခန္တီးခရိုင်ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်မှာ စုစုပေါင်း ရုံးအဆောက်အဦ ရှစ်လုံး၊ ရဲစခန်း အဆောက်အဦ ၁၄ လုံး၊ နေအိမ်လိုင်းခန်း ၄၁၇ ခန်း၊ ၃၀ ဆံ့လူပျိုဆောင် ၁၀ လုံးတို့ ရှိပါတယ်။ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိတဲ့ တပ်ဖွဲ့ဝင်အင်အားနဲ့ မိသားစုများအတွက် အဆောက်အဦလိုအပ်ချက်အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ခန္တီးခရိုင်ရဲတပ်ဖွဲ့မှာ အချုပ်ခန်းပါတဲ့စခန်းရုံး တစ်ထပ်သုံးလုံး၊ ခြောက်ခန်းတွဲ တစ်ထပ်သုံးလုံး၊ ၃၀ ဆံ့လူပျိုဆောင်လေးလုံးအတွက် ဘဏ္ဍာငွေခွဲဝေရရှိတဲ့အတွက် စိုးစံထွန်းကုမ္ပဏီမှဆောက်လုပ်လျက်ရှိပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခန္တီးခရိုင်ရဲတပ်ဖွဲ့မှာရှိတဲ့ ကောင်းဟိန်နဲ့ ထမံသီနယ်မြေရဲစခန်းနှစ်ခုအတွက် ခြောက်ခန်းတွဲတစ်ထပ် နှစ်လုံး၊ ရပ်နား၊ ကပ်သာ၊ ပုတ်သိုရဲစခန်း သုံးခုအတွက် ခြောက်ခန်းတွဲတစ်ထပ် သုံးလုံး၊ ရန်ပုံငွေ ခွင့်ပြုခဲ့သဖြင့် တင်ဒါအောင်မြင်သော ရွှေတောင်ပေါ်ကုမ္ပဏီနဲ့ ၂၀၁၄ ခုနှစ်၊ ဩဂုတ် ၂၈ ရက်နေ့တွင် လုပ်ငန်းအပ်နှံခြင်း စာချုပ်ချုပ်ဆိုပြီးတော့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှစ၍ အဆောက်အဦများကို စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မူးယစ်ဆေးဝါးရောင်းဝယ်စားသောက် အသုံးပြုသူများအတွက် မူးယစ်ဆေးဝါးဘိန်းဖြတ်စခန်းများ တည်ဆောက်၍ ကယ်တင်ရေးစခန်းများ ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခမိုင်မုံကွမ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခမိုင်မုံကွမ်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာသော အထူးဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုံကွမ် (ခ) ဒူဝါခမိုင်တန်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းတောင်းခံလိုသောကဏ္ဍ များမှာ HIV(AIDS) ဖြစ်ပေါ်မှုအခြေခံဖြစ်သော မူးယစ်ဆေးဝါးအသုံးပြုသုံးစွဲသူများကို ကယ်တင်နိုင်ရေးအတွက် ကယ်တင်ရေးစခန်းများဆောက်လုပ်၍ လူ့အရင်းအမြစ်မြှင့်တင်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များကို မည်သို့ ရာသီဥတုကောင်းမွန်သောနယ်မြေဒေသများကို ရွေးချယ်သတ်မှတ်၍ ဧက ၁၀၀၀ သို့မဟုတ် အနည်းဆုံးဧက ၅၀၀ ကျယ်ဝန်းသော မြေဧရိယာများကို ရွေးချယ်သတ်မှတ်၍ ဧရိယာပတ်လည်တွင် ခိုင်ခံ့သောသံဇကာ၊ သံဆူးကြိုးများကို နှစ်ဆင့်သုံးဆင့်ကာရံထား၍ မူးယစ်ဆေးဝါး ကိုင်ဆောင်အသုံးပြုနေသော လူငယ်လူရွယ်ပုဂ္ဂိုလ်များကို ၅ နှစ်၊ ၁၀ နှစ် အချုပ်ထောင်ထည့်မည့်အစား လူ့အရင်းအမြစ်ကယ်တင်သောနည်းလမ်းများဖြင့် ကာရံထားသောမူးယစ်ဆေးဝါးဘိန်းဖြတ်စခန်းတွင် ထည့်သွင်းပို့ဆောင်စောင့်ရှောက်အနားယူခိုင်း၍ သုံးစွဲသူများကို NGO ကမ္ဘာ့ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်း၍ စောင့်ရှောက်ကုသရာတွင်လည်း မူးယစ်ဆေးဝါးလုံးဝမပါဝင်သော ဝမ်းလျှော၊ ဝမ်းပျက်ဆေးနှင့်အားဆေးများသာ တိုက်ကျွေးစောင့်ရှောက်ကုသသောနည်းစနစ်များဖြင့် ကုသရန်လိုအပ်သည်ဟု တင်ပြလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ယနေ့ ကမ္ဘာ့အလယ်တွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဘောင်တန်း၍တည်ဆောက်ရာတွင်လည်း ဘက်စုံ၊ ကဏ္ဍစုံအနေဖြင့် ကျွမ်းကျင်တတ်မြောက်သော အလုပ်သမားဝန်ထမ်းများရရှိရန်လိုအပ်သည်နှင့်အညီ အသက်မွေးဝမ်းကြောင်းနည်းပညာအာမခံချက် ရရှိနိုင်ရေးအတွက် စက်မှုလက်မှုနှင့်စိုက်ပျိုးမွေးမြူရေးနည်းပညာများကိုလည်း သင်ကြားသင်ယူနိုင်သောနည်းစနစ်များဖြစ်သော ယာဉ်ကြီးယာဉ်ငယ်အချောစီးကား၊ ဘက်ဟိုး၊ ဘူဒိုဇာ၊ လူဒါ၊ လယ်ယာသုံးစက်ယန္တရားများဖြစ်သော ထွန်စက်၊ ရိတ်သိမ်းစက်ယန္တရားများ

နှင့်လက်မှုပညာဖြစ်သော အထည်ချုပ်စက်လုပ်ငန်းများကိုလည်း တတ်ကျွမ်းအောင် သင်ကြားသင်ပေးပြီး စောင့်ရှောက်၍ သတ်မှတ်ချိန်ပြည့်မီ၍ အိမ်ပြန်ခိုင်းရာတွင်လည်း သင့်တော်သောအခကြေးငွေပေး၍ ကာကွယ်စောင့်ရှောက်ကယ်တင်တည်ထောင်သော နည်းလမ်းများကိုလည်း ကျင့်သုံး၍ ကယ်တင်ရန်လိုအပ်သည်ဟု တင်ပြလိုပါတယ်ခင်ဗျား။ ယခုအချိန်မှာ မိမိနိုင်ငံတော်တွင် နယ်စပ်မှ နယ်စပ်ကိုအခြေခံသော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် မူးယစ်ဆေးဝါးစိုက်ပျိုးမှုကို ဒေသအခြေအနေအရသော်လည်းကောင်း၊ ဒေသဖွံ့ဖြိုးမှုအားနည်း၍သော်လည်းကောင်း၊ ဆေးဝါး အဖြစ်သုံးစွဲရန် လိုအပ်၍သော်လည်းကောင်း မူးယစ်ဆေးဝါးစိုက်ပျိုးတည်ထောင်မှုကို လုံးဝချုပ်ငြိမ်းပျောက်ကွယ်သွားအောင် ဆောင်ရွက်တိုက်ဖျက်တားမြစ်နိုင်ရန် ခက်ခဲမှုအပေါ်မှာအခြေခံ၍ နိုင်ငံတော်အစိုးရအနေဖြင့် အသင်းအဖွဲ့ရောင်းဝယ်ခြင်းနှင့် ရှူရှိုက်စားသောက်အသုံးပြုနေသော လူငယ်လူရွယ်ပုဂ္ဂိုလ်များကို တစ်ပြေးညီဥပဒေဖြင့် ထောင် ၅ နှစ်၊ ၁၀ နှစ်၊ ၁၅ နှစ် အချုပ်ထောင် ထည့်ခြင်းမှ ပြန်လည်သုံးသပ်လျှော့ပေါ့ သတ်မှတ်၍၊ ရောင်းဝယ်သူများကို ငွေဒဏ်နှင့်ယှဉ်တွဲ၍ဖြစ်စေ၊ မရှိဆင်းရဲမှုကြောင့် အသင်းအဖွဲ့ရောင်းချမှုနှင့် အကြီးစားရောင်းချမှုများကို ခွဲခြားသတ်မှတ်၍၊ သုံးစွဲသူများကို ထောင်ဒဏ်သုံးနှစ်ထက်မပိုသော ပြစ်ဒဏ်များပေး၍၊ အသင်းအဖွဲ့ရောင်းချသူများကို ထောင်ဒဏ်ငါးနှစ်ဖြစ်စေ၊ ငွေဒဏ် ငါးသိန်းမှ သိန်းနှစ်ဆယ်ဖြစ်စေ ပြောင်းလဲသတ်မှတ်အစားထိုး ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူနိုင်ငံသား အကျင့်ပျက်သောသားသမီးများကို ထောက်ထားညှာတာ၍ ကယ်တင်ထူထောင်ပေးနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားပေးပါရန် တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

တင်ပြရမယ်ဆိုရင် အိမ်ထောင်သည်လင်မယားက ငယ်ရွယ်သောသားသမီးများကို ချန်လှပ်ထား၍ အတူတကွခရီးသွားရာတွင် သက်ဆိုင်ရာစစ်ဆေးရေးစခန်းများရောက်ရှိရာ မိမိအမျိုးသမီးက အမျိုးသား၏သုံးစွဲနေသော မူးယစ်ဆေးဝါးများအတွက် စိတ်ပူပန်၍ ဖုံးဖိုက်သယ်ဆောင်ပေးရာတွင် သက်ဆိုင်ရာတာဝန်ကျစစ်ဆေးရေးစခန်းက စစ်ဆေးတွေ့ရှိရာတွင် အမျိုးသားက မိမိသုံးစွဲနေသော မူးယစ်ဆေးဝါးဖြစ်ကြောင်း ဝန်ခံရာတွင် နှစ်ဦးစလုံးကို သက်ဆိုင်ရာတာဝန်ရှိသူများက တစ်ပြေးညီ အရေးယူလျက်ရှိရာမှာ။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးခမိုင်မုံကွမ်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ ထိုလင်မယား၏ ငယ်ရွယ်သောသားသမီးများမှာ မှီခိုရာမဲ့၊ မိဘမဲ့၊ အိမ်ထောင်မဲ့ဖြစ်မှာဖြစ်ပြီး မိဘမဲ့ဖြစ်သွားမှာဖြစ်သည့်အပြင် မိဘမဲ့၊ မှီခိုရာမဲ့

ဖြစ်လျက်ရှိသည်ကိုလည်း ကြားသိရပါတယ်ခင်ဗျား။ မိခင်နှင့် ဖခင်မှာလည်း ယခုနိုင်ငံတော်မှ ကျင့်သုံးသောအခြေနေအရ ပြင်ပနှင့် အဆက်အသွယ်မရ၊ အဆက်အသွယ်ပြတ်တောက်သော နည်းလမ်းများဖြစ်ပါ၍ စိတ်ဓာတ်ခွန်အား ကျဆုံးမှုနှင့်သော်လည်းကောင်း၊ အစားအသောက်၊ အသုံးအဆောင်ခက်ခဲမှုနှင့်သော်လည်းကောင်း၊ အချုပ်သားအချင်းချင်း ဖိနှိပ်မှုနှင့်သော်လည်းကောင်း ဒုက္ခမျိုးစုံ ကြုံတွေ့ရသဖြင့် နိုင်ငံတော်အစိုးရပြောဆိုလျက်ရှိသော စိတ်ဓာတ်ကိုပြောင်းလဲပြီး အသက်ရှင်သန်မှုနဲ့အတူ သားသမီးမိသားစုများ ပြန်လည်ဆုံဆည်းနေထိုင်နိုင်သောအခွင့်အရေးမှာ အလွန့်အလွန်နည်းပါးသည်ကို တွေ့ရှိရပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ အထက်ပါ တင်ပြဆွေးနွေးတောင်းခံမှုအပေါ်မှာ နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ယခုလိုတင်ပြသော မူးယစ်ဆေးဝါးသုံးစွဲအသုံးပြုနေသူများကို ဘယ်နည်းဘယ် ပုံကယ်တင်ဆောင်ရွက်သွားမည်ကို သိလိုပါကြောင်းနှင့် အထက်ပါတင်ပြသောနည်းလမ်းများအနေဖြင့် ကယ်တင်ခြင်းဖြင့် အကျင့်ပျက်နိုင်ငံသူနိုင်ငံသားသားသမီးများကို နိုင်ငံတော်အစိုးရအနေဖြင့် ကယ်တင်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိသိလိုပါကြောင်း ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာ မေးခွန်းမေးမြန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုံကွမ်(ခ)ဒူဝါခမိုင်တန် ၏ မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော်မှ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ခုတည်းတွင်သာမကဘဲနဲ့ ကမ္ဘာတစ်ဝှမ်းလုံးမှာ ရင်ဆိုင်နေရတဲ့ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းဖို့အတွက် ကုလသမဂ္ဂမှ ၁၉၆၁ ခုနှစ်၊ မူးယစ်ဆေးဝါးဆိုင်ရာကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ်၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာကွန်ဗင်းရှင်းနှင့် ၁၉၈၈ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်းများကို ပြဋ္ဌာန်းခဲ့ရာမှာ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ဖို့အတွက်လည်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် မူးယစ်ဆေးဝါးပပျောက်ရေးဌာနကို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့ပြီးတော့ တပ်ဖွဲ့ခွဲသုံးဖွဲ့နှင့် သူ့ရဲ့ကွပ်ကဲမှုအောက်မှာ တပ်ဖွဲ့စု ၅၀ စု ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကိုလည်း ၁၉၉၉-၂၀၀၀ ကနေ ၂၀၁၃-၂၀၁၄ အထိ သုံးပိုင်းခွဲပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါမှာတော့ ဘိန်းစိုက်ပျိုးမှု ပြန်လည်မြင့်တက်လာခြင်း၊ စိတ်ကြွဆေးဝါးသုံးစွဲမှုပြဿနာမှာ လူငယ်ထုအတွင်းမှာ ပိုမိုပျံ့နှံ့လာခြင်းနှင့် အခြားစိတ်ကြွဆေးဝါးများ ပေါ်ထွက်လာတဲ့အခြေအနေများကို ထိန်းချုပ်နိုင်ဖို့ အတွက် စီမံကိန်းကာလကိုလည်း ၂၀၁၄-၂၀၁၅ ကနေ ၂၀၁၈-၂၀၁၉ အထိ နောက်ထပ် ငါးနှစ် သက်တမ်းတိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ ဒီနောက်ထပ် ငါးနှစ်စီမံကိန်းအတွင်းမှာ မူးယစ်ဆေးဝါး ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့် အခြားအဖွဲ့ အစည်းများပူးပေါင်း ဆောင်ရွက်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးစတဲ့ ကဏ္ဍပေါင်းစုံကို ဘိန်းအဓိက စိုက်ပျိုးတဲ့ဒေသတွေဖြစ်တဲ့ ရှမ်းပြည်နယ်မှာ ၄၀ မြို့နယ်၊ ကချင်ပြည်နယ်မှာ ခြောက်မြို့နယ်၊ ကယားပြည်နယ်မှာ သုံးမြို့နယ်၊ ချင်းပြည်နယ်မှာ နှစ်မြို့နယ် စုစုပေါင်း ၅၁ မြို့နယ်မှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟို အဖွဲ့ရဲ့ကွပ်ကဲမှုအောက်မှာရှိတဲ့ ဆေးကုသရေးအဖွဲ့အနေနဲ့ မူးယစ်ဆေးစွဲ ရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါ တယ်။ Drug Treatment Centre ခေါ် မူးယစ်ဆေးစွဲရောဂါကုသရေးဌာနများဖြစ်တဲ့ ဆေးကုဌာန ကြီး(Major Drug Treatment Centre) ၂၆ ခုကို ပြည်နယ်နှင့်တိုင်းဒေသကြီးမှာရှိတဲ့ ခုတင် ၂၀၀ အထက်ရှိတဲ့ ဆေးရုံတွေမှာလည်းကောင်း၊ (Minor Drug Treatment Centre) ဆေးကုသငယ်ဌာန ၄၇ ခုကို ပြည်နယ်/တိုင်းဒေသကြီး ခုတင် ၂၀၀ အောက်ရှိဆေးရုံများတွင်လည်းကောင်း ဖွင့်လှစ် ဆောင်ရွက်ထားရှိပါတယ်။ လူငယ်များပြုစုပျိုးထောင်ရေးစခန်းအနေနဲ့ ပြည်မြို့၊ ဝက်ထီးကန်မှာရှိတဲ့ ရွှေပြည်သာစခန်းနဲ့ ရှမ်းပြည်နယ်၊ ဖယ်ခုံမှာရှိတဲ့ ရွှေပြည်အေးစခန်းတို့ကိုလည်း ဖွင့်လှစ်ဆောင်ရွက် ထားပါတယ်။

မူးယစ်ဆေးစွဲကုသရေးစီမံချက်အနေနဲ့ မူးယစ်ဆေးစွဲကုသဌာနများ ဖွင့်လှစ်ဆောင်ရွက်လျက် ရှိတဲ့အပြင် HIV, AIDS ကဲ့သို့သော ကူးစက်ရောဂါများ မူးယစ်ဆေးဝါးသုံးစွဲမှုမှတစ်ဆင့် မပြန့်ပွားစေ ရေးအတွက် ဆေးစွဲသူတို့ရဲ့နားခိုရာ Drop In Centre များဖွင့်လှစ်ကာ မက်သာဒုံးဆေးရည် တိုက်ကျွေးကုသပေးလျက်ရှိပါတယ်။ WHO ရဲ့ပံ့ပိုးကူညီမှုဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့်ဖြစ်ပေါ်

လာတဲ့ အန္တရာယ်လျော့ပါးရေးအစီအစဉ် Harm Reduction များကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူများအနေနဲ့ ပြန်လည်ထူထောင်ရေးစခန်းအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့နှင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ လူမှုဝန်ထမ်းဦးစီးဌာနက ပြန်လည်ထူထောင်ရေးစခန်းခြောက်ခုကို ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ ကျိုင်းတုံနှင့် တာချီလိတ်တို့မှာ ဖွင့်လှစ်ထားရှိပြီးတော့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးခြင်းများ ပြုလုပ်ပေးတဲ့အပြင် ဒေသနှင့်ကိုက်ညီတဲ့ အသက်မွေးဝမ်းကြောင်းပညာရပ်များဖြစ်တဲ့ ဆိုင်ကယ်ပြင်သင်တန်း၊ ယာဉ်စက်ပြင်သင်တန်း၊ စက်ချုပ်သင်တန်း၊ အုတ်ရိုက်သင်တန်း၊ ရေဒီယိုပြင်သင်တန်း၊ အီလက်ထရောနစ်သင်တန်း၊ ပျားမွေးမြူရေးလုပ်ငန်း၊ ဆံပင်ညှပ်သင်တန်းစသည်ဖြင့် လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သင်တန်းဆင်းပြီးတဲ့နောက်မှာ သင်ကြားပေးလိုက်တဲ့ပညာရပ်များနှင့် အသက်မွေးဝမ်းကြောင်းပြုနိုင်ဖို့အတွက် ၎င်းတို့ရဲ့ မိသားစုများနှင့်ညှိနှိုင်းပြီးတော့ နောက်ဆက်တွဲစောင့်ရှောက်ခြင်းများကို ပြုလုပ်ပေးလျက်ရှိပါတယ်။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ မူးယစ်ဆေးဝါးသုံးစွဲသူကို ပုဒ်မ ၁၅ ဖြင့် ထောင်ဒဏ်သုံးနှစ်မှ ငါးနှစ်အထိလည်းကောင်း၊ ဘိန်းဖြူ ကိုကင်း၊ မော်ဖင်း၊ မိုနိုအက်ဆီတိုင်းမော်ဖင်း သုံးဂရမ်အောက်၊ ဆေးခြောက် ၂၅ ဂရမ်အောက်၊ ဘိန်းစိမ်း၊ ကိုကားရွက် ၁၀၀ ဂရမ်အောက် လက်ဝယ်တွေ့ရှိသယ်ဆောင်ရောင်းဝယ်သူကို ပုဒ်မ ၁၆(ဂ)ဖြင့် ထောင်ဒဏ် ငါးနှစ် မှ ၁၀ နှစ်အထိချမှတ်ရမယ့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ပါတယ်။ အထက်ပါ မူးယစ်ဆေးဝါးအလေးချိန်ထက်ပိုသောအရေအတွက်ကို လက်ဝယ်တွေ့ရှိသယ်ဆောင်ရောင်းဝယ်သူကို ပုဒ်မ ၁၉(က)ဖြင့် ထောင်ဒဏ်အနည်းဆုံး ၁၀ နှစ်မှ အများဆုံးနှစ်အကန့်အသတ်မရှိချမှတ်ရန် ဥပဒေနှင့် အညီပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ သို့ရာတွင် မူးယစ်ဆေးဝါးသုံးစွဲသူအား ဥပဒေပုဒ်မ ၁၅ အရ အရေးယူခြင်းနှင့်ပတ်သက်လို့ ဒီဥပဒေကိုပြင်ဆင်နိုင်ဖို့အတွက် မူးယစ်ဗဟို၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ ညှိနှိုင်းရေးဆွဲစီစဉ်လျက်ရှိပါတယ်။ ၎င်းအပြင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး(UNODC) နှင့်အခြား INGO မှ ဥပဒေကျွမ်းကျင်သူများနှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်မှ မူးယစ်ဆေးဝါးသုံးစွဲမှုလျော့ချရေးလုပ်ငန်းစဉ်အောက်မှာရှိတဲ့ ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသားလူငယ်များ အသိပညာပေးရေး၊ ပြည်သူများအသိပညာပေးလှုံ့ဆော်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ

နိုင်ငံတကာအစိုးရ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**မြေပုံမြို့နယ်အား လူမှုရေးခက်ခဲသော မြို့နယ်အဖြစ် သတ်မှတ်ပြီး ဝန်ထမ်းများအား လစာနှင့်ညီမျှသော ငွေကို ဒေသစရိတ်အဖြစ် ခံစားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ကြွရောက်လာကြတဲ့လူကြီးမင်းများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ ကျွန်တော်တင်ပြတဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်အား လူမှုရေးခက်ခဲသော မြို့နယ်တစ်ခုသတ်မှတ်ပြီးတော့ မြို့နယ်အတွင်း မှာတာဝန်ထမ်းဆောင်နေကြတဲ့ဝန်ထမ်းများအား လစာနဲ့ညီမျှတဲ့ ဒေသစရိတ်အဖြစ် ပြင်ဆင်ပြီးတော့ ခံစားခွင့်ပြုနိုင်ရန် တင်ပြခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးမှုနောက်အကျဆုံး ပြည်နယ်ဖြစ်သကဲ့သို့ မြေပုံမြို့နယ်ဟာ လည်းပဲ ရခိုင်မြို့နယ်အတွင်းမှာ လူမှုရေးခက်ခဲဆုံးသော မြို့နယ်ဖြစ်ပါတယ်။ မြေပုံမြို့နယ်ဟာ ကျွန်းစဉ်၊ ကျွန်းလမ်းပေါင်း ၁၄၀ နဲ့ ဖွဲ့စည်းထားပြီးတော့ ပင်လယ်၊ မြစ်၊ ချောင်း၊ တစ်ရွာတစ်ကျွန်း ဆိုသလိုဖြစ်ပါတယ်။ မြေပုံမြို့နယ်မှာ ကားလမ်းမရှိပါဘူး။ ရေလမ်းကိုသာ အားကိုးအားထားပြုရပါ တယ်။ ရေလမ်းဖြင့်သွားလာရာမှာလည်း မိုးတွင်း၊ မိုးဦးကာလများမှာ၊ မိုးနှောင်းကာလများမှာဆိုလျှင် သွားလာရေးအလွန်ခက်ခဲပြီးတော့ အန္တရာယ်ရှိပါတယ်။ အထူးသဖြင့် နယ်မှာတာဝန်ထမ်းဆောင် နေရတဲ့ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များအဖို့မှာ အလုပ်တာဝန် ဖြင့်ဖြစ်စေ၊ လစာထုတ်ရန်ဖြစ်စေ၊ ကိုယ်ရေးကိုယ်တာကြောင့်ဖြစ်စေ မြို့သို့လာရောက်ရသည့်အခါမှာ ခရီးလမ်းမဖြောင့်တန်းဘဲ အချိန်ကြန့်ကြာခြင်း၊ ခရီးစရိတ်အကုန်အကျများခြင်း၊ သဘာဝဘေး အန္တရာယ်စသည်တို့ကြောင့် အလွန်ခက်ခဲကြုံတွေ့နေရပါတယ်။ အခြားဒေသမှလာရောက်တဲ့ ဝန်ထမ်း များဟာလည်း လာရောက်တာဝန်ထမ်းဆောင်လိုစိတ်မရှိကြဘဲ ရောက်ပြီးမကြာခင်မှာပဲ ပြန်လည် ပြောင်းရွှေ့သွားတတ်ကြပါတယ်။

မြေပုံမြို့နယ်ဟာ မြို့နယ်အတွင်းမှာ ကားလမ်းအဆက်အသွယ်မရှိရုံမက အခြားမြို့နယ်အနေ နဲ့လည်း ကားလမ်းအဆက်အသွယ်မရှိပါဘူး။ ရေလမ်းအားဖြင့် ရေကြောင်းပို့ဆောင်ရေးသင်္ဘော တစ်ပတ်နှစ်ကြိမ်သာ ဆိုက်ကပ်ပါတယ်။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ အဆက်အသွယ်ပြတ်တောက်

ခြင်း၊ စာနဲ့သတင်းစာများ အချိန်များစွာ နောက်ကျပြီးမှ ရောက်ခြင်း၊ Auto Telephoneမရှိခြင်း၊ ရုပ်မြင်သံကြားမရှိခြင်း၊ ကုန်ဈေးနှုန်းမြင့်မားခြင်း စသည့်အခက်အခဲများစွာရှိပါတယ်။ မြို့နယ်၏ အဓိက စီးပွားရေးက စိုက်ပျိုးရေးဖြစ်ပါတယ်။ ရေငန်တားတမံနဲ့ စိုက်ပျိုးရတဲ့စနစ်ဖြစ်လို့ ဆိုင်ကလုန်း မုန်တိုင်းများ မကြာခဏဝင်ရောက်တိုက်ခိုက်ခြင်း၊ ထူးကဲသည့်ရေဖြစ်ပေါ်ခြင်းတို့ကြောင့် တာပေါင် တာရိုးများကျိုးပေါက်ကာ စပါးကွင်းများ ပျက်စီးခြင်း၊ အထွက်နှုန်းများ ကျဆင်းခြင်းစသည်ဖြင့် မြို့နယ်ရဲ့စီးပွားရေး၊ စားဝတ်နေရေးချွတ်ခြုံ ကျလျက် နလန်မထူနိုင်ပဲ ရှိနေပါတယ်ခင်ဗျား။

မြေပုံမြို့နယ်အတွင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ မြို့နယ်တောင်ဘက်အစွန်း မှာရှိတဲ့မြေပုံမြို့၊ မြေပုံမြို့ပေါ်မှာ ၁၅ ခုတင်ဆံ့ ဆေးရုံတစ်ခုရှိသလို မြို့နယ်ရဲ့တောင်ပိုင်းစွန်း ကန်းတောင်းကြီးတိုက်နယ်မှာ ၁၆ ခုတင်ဆံ့ဆေးရုံတစ်ရုံရှိပါတယ်။ ဆရာဝန်နှင့်ဆေးခန်း၊ ဆေးဝန်ထမ်း များ၊ ဆေးနှင့်ကျန်းမာရေးအထောက်အကူပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ အလွန်အားနည်း ပါတယ်။ ကားလမ်းမရှိလို့ လူနာတင်ကားလည်းမရှိသဖြင့် နယ်မှလူနာများ ဆေးရုံသို့အချိန်မီ မရောက်ဘဲ မသေသင့်ဘဲ သေဆုံးရတာလည်း ခဏခဏကြုံတွေ့ရပါတယ်။ ပညာရေးအခြေအနေကို ကြည့်မယ်ဆိုပါက ဒေသစီးပွားရေးဝင်ငွေနိမ့်ကျခြင်းကြောင့်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့်တစ်ကြောင်း၊ အခြားဒေသသို့ သွားရောက်မသင်ယူနိုင်ကြဘဲ အလယ်တန်းပညာကို ၅၀ ရာခိုင်နှုန်း၊ အထက်တန်းပညာကို ၂၀ ရာခိုင်နှုန်းခန့်သာ သင်ယူနိုင်ကြပြီး၊ နှစ်စဉ် ၁၀ တန်း အောင်ချက်က ၂၀ ရာခိုင်နှုန်းအောက်မှာသာရှိပါတယ်။

ဤသို့ဖြစ်ရခြင်းမှာ မိမိတို့ရပ်ရွာကို ရပ်ဝေးက လာရောက်တာဝန်ထမ်းဆောင်ကြတဲ့ ဆရာ/ ဆရာမများအား ရပ်ရွာကကူညီထောက်ပံ့မှုမပြုနိုင်ခြင်း၊ ဆရာ/ဆရာမ မလုံလောက်ခြင်းတို့ဟာလည်း အဓိကအကြောင်းတစ်ချက်ဖြစ်ပါတယ်။ မြို့ပေါ်မှာ လျှပ်စစ်မီးဓာတ်အားရရှိမှုအခြေအနေက တစ်နေ့ ကိုသုံးနာရီသာရရှိပြီးတော့ ပျမ်းမျှအားဖြင့် တစ်ယူနစ်ကို ၃၅၀ က ၄၀၀ ကျပ်အထိ ဖြစ်ပါတယ်။ ကျန်တစ်မြို့နယ်လုံးမှာ ကျေးရွာအများစုဟာ လျှပ်စစ်မီးမရရှိပဲ Video ပြသတဲ့ ပုဂ္ဂိုလ်တွေဆီက ငှားရမ်းပြီးတော့ ကွျန်တော်တို့ယူကြရပါတယ်။ ခြုံပြီးတင်ပြရပါက မြေပုံမြို့နယ်ဟာ ဆိုင်ကလုန်း မုန်တိုင်း မကြာခဏဝင်ရောက်လာရာလမ်းကြောင်းပေါ်မှာ တည်ရှိသဖြင့် ရာသီဥတုဆိုးဝါးပြင်းထန်ပြီး အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးရသဖြင့် ဒေသ စီးပွားရေးဟာ နလန်မထူနိုင်အောင်ဖြစ်နေရပါတယ်။ ယင်းအကျိုးဆက်ကြောင့် ဒေသဝမ်းစာမဖူလုံ ခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ တစ်ဦးချင်းဝင်ငွေနိမ့်ပါးခြင်း၊ ကူးသန်းရောင်းဝယ်ရေးအခွင့်အလမ်း

နည်းပါးခြင်းစသည်တို့ကို ကြုံကြိုက်ရတဲ့အပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် လူမှုအခြေခံလိုအပ်ခြင်းများနိမ့်ပါးလျက် ပေါင်းသင်းဆက်ဆံမှုနယ်ပယ် ကျဉ်းမြောင်းလာရခြင်းဖြစ်ပါတယ်။ ထို့ကြောင့် မြေပုံမြို့နယ်သည် ရခိုင်ပြည်နယ်ရဲ့ လူမှုရေးအနိမ့်ကျဆုံး၊ အခက်ခဲဆုံးမြို့နယ်တစ်ခုဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ မြေပုံမြို့နယ်အတွင်း လာရောက်တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများနှင့် မိမိတို့၏ဝန်ထမ်းများကို စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာထမ်းဆောင်နိုင်ကြစေရန် ဒေသအကျိုးအတွက် ဖွံ့ဖြိုးတိုးတက်စေရန် မျှော်မှန်းလျက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်အား လူမှုရေးခက်ခဲသော မြို့နယ်တစ်ခုသတ်မှတ်၍ မြို့နယ်အတွင်းတာဝန်ထမ်းဆောင်နေရသော ဝန်ထမ်းများအား လစာနှင့်ညီမျှသည့် ဝင်ငွေကို ဒေသစရိတ်အဖြစ် ပြင်ဆင်ခံစားခွင့်ပြုနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ဖြေကြားပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းရဲ့ မေးခွန်းနှင့်ပတ်သတ်လို့ ကျွန်တော်မှ ဆက်လက်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၅၁၃/၂၀၁၃ နဲ့ တိုင်းဒေသကြီး/ပြည်နယ်များရှိတဲ့ ဝေးလံခေါင်သီပြီးတော့ လူမှုရေးခက်ခဲတဲ့ မြို့အပါအဝင် မြို့နယ်စုစုပေါင်း ၁၁၀ မှာ တာဝန်ထမ်းဆောင်လျက်ရှိကြတဲ့ နိုင်ငံ့ဝန်ထမ်းများကို ၎င်းတို့ရဲ့ လစာနဲ့ညီမျှတဲ့ငွေကို ဒေသစရိတ်အဖြစ် ခံစားခွင့်ပြုခဲ့ကြောင်း သိရှိရပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း ကျန်ရှိတဲ့မြို့/မြို့နယ်တွေကိုလည်း ဝေးလံခေါင်သီဒေသအဖြစ် ဆက်လက်သတ်မှတ်နိုင်ဖို့အတွက် သင့်လျော်တဲ့ အချက်အလက်တွေကို ပြုစုပြီး ဘဏ္ဍာရေးဝန်ကြီးဌာနကို ပေးပို့ဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ်(၁၇/၂၀၁၃)မှာ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်ကို ဝေးလံခေါင်သီရှားပါးဒေသ

အဖြစ် သတ်မှတ်ပေးဖို့ ဆုံးဖြတ်ချက်အရ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက်၊ ရက်စွဲပါစာအမှတ်၊ ပထရ/အဖခ-၂(၁၇၇၃)/ရေး ၁ နဲ့ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲ့တဲ့ ဒေသအဖြစ် ထပ်မံသတ်မှတ်ပေးနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ထောက်ခံဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်အပါအဝင် လူမှုရေးခက်ခဲတဲ့ မြို့နယ်/မြို့များမှာ ဒေသစရိတ်ခံစားခွင့်ပြုနိုင်ဖို့အတွက် ယခင်ဒေသစရိတ် သုံးစွဲခဲ့မှုအခြေအနေနဲ့ လက်ရှိဒေသစရိတ်အတွက် ပိုမိုသုံးစွဲရမယ့် အသုံးစရိတ်တွေကို တွက်ချက်ကာ လက်ရှိဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေပေါ်မူတည်ပြီး စိစစ်သုံးသပ်မှုများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန် ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။ ]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**တမူးမြို့နယ်၊ ပန်းသာကျေးရွာနှင့် ဘုတ္တာန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများအတွက် မြေနေရာများရရှိရန် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရွှေ တမူးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသ

ကြီး၊ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တမူးခရိုင်အတွင်းမှာရှိတဲ့ စီးပွား/ကူးသန်းပိုင် ကုန်သွယ်ဒိုင်ကွင်းများအား ကျေးရွာဒေသခံများ အသုံးပြုနိုင်ဖို့အတွက် မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်အတွင်းမှာ ယခင်ခေတ်အခါတုန်းက တောင်သူလယ်သမားများထံမှ စပါးဝယ်ယူနိုင်ဖို့ဆိုပြီးတော့မှ စပါးဒိုင်များ ဖွင့်လှစ်ခဲ့ပါတယ်။ အဲ့ဒီအချိန်တုန်းကတော့ ဒေသခံတောင်သူများက အဆင်ပြေစွာရောင်းနိုင်ဖို့အတွက် ကျေးရွာရဲ့ အလယ်ဗဟိုကျတဲ့နေရာတွေမှာ ဒိုင်တွေဖွင့်ပြီးတော့မှ ဝယ်ခဲ့ကြပါတယ်။ ဒီလိုနဲ့ တဖြည်းဖြည်းကြာလာတဲ့အခါမှာတော့ ကုန်သွယ်လယ်ယာဒိုင်ကွင်းပိုင်များ ဖြစ်လာခဲ့ကြပါတယ်။ ယခုအခါမှာတော့ တောင်သူလယ်သမားများထံမှ စပါးဝယ်ယူခြင်းလည်းမရှိတော့ပါ။ အဆိုပါကွင်းများကိုလည်းပဲ ကျေးရွာတွေမှာ အသုံးပြုခြင်းမရှိတော့တာကို တွေ့ရပါတယ်။ အဲ့ဒါနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို လွှတ်တော်ကနေတစ်ဆင့် ကြယ်ပွင့်မပြမေးခွန်းမေးမြန်းခဲ့တဲ့အခါမှာ ပုဂ္ဂလိကများကို ရောင်းချပေးရန် အစီအစဉ်မရှိသော်လည်းပဲ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနတစ်ခုခုက တောင်းဆိုလာမယ်ဆိုရင်တော့ ဝန်ကြီးဌာနအချင်းချင်း သဘောတူညီချက်ကို လက်ခံပြီးတော့မှ လွှဲပြောင်းပေးနိုင်ကြောင်း၊ သူတို့မှာလည်းပဲ ဒီဒိုင်ကွင်းတွေကို အသုံးပြုရန် အစီအစဉ်မရှိတော့ပါကြောင်း ဖြေကြားခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ပြီးခဲ့တဲ့လွှတ်တော်အစည်းအဝေးပြန်သွားတဲ့အချိန်မှာ ကျွန်တော်တို့ တမူးခရိုင်အတွင်း တမူးမြို့နယ်မှာရှိတဲ့ ပန်းသာကျေးရွာ အဝယ်ဒိုင်ကွင်းနဲ့ ခမ်းပါတ်မြို့နယ်ခွဲရဲ့ ဘုက္ကန်အဝယ်ဒိုင်ကွင်းတို့ကို ဒေသခံပြည်သူများက သူတို့ရဲ့ ကျေးရွာအများပိုင်အသုံးပြုနိုင်ဖို့အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမြေနေရာတွေ လိုအပ်ပါတယ်လို့ တင်ပြခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာတွေဟာလည်းပဲ ကျွန်တော်တို့ ကားလမ်းရဲ့နံဘေးမှာ ရှိနေတဲ့ မြေကွင်းတွေလည်းဖြစ်ပါတယ်။ ယခုအချိန်မှာတော့ တောတွေထနေတဲ့အတွက် နွေရာသီမှာတောင်မှ ဂငင်းကွင်းများအတွက် ဒေသခံပြည်သူများက မီးဘေးများလည်း စိုးရိမ်နေကြပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအသုံးမပြုတော့တဲ့ကွင်းတွေကို ကျေးရွာအတွက် တကယ်အသုံးရှိမယ့်နေရာတွေမှာ အသုံးချစေဖို့ပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံပြည်သူများရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော့်အနေဖြင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။

ပြည်ထောင်စုပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဖော်ပြပါ တမူးမြို့နယ် အင်ဒိုင်းကျေးရွာအုပ်စု၊ ပန်းသာအုပ်ချုပ်ရေးမှူးမြေနေရာနှင့် ခမ်းပါတ်မြို့၊ အောက်တောင်းအုပ်စု၊ ဘုက္ကန်ကျေးရွာ အုပ်ချုပ်

ရေးမှူးမြေနေရာများကို ရရှိနိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ရှိပါက မည်သို့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မရှိပါက အဘယ်ကြောင့်နည်းသိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေရဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ တမူးခရိုင်၊ တမူးမြို့နယ်၊ အင်ဒိုင်းကျေးရွာအုပ်စု၊ ပန်းသာကျေးရွာကွင်းအမှတ်(၂၅၇/E) မြေဧရိယာ ၁.၇၅ ဧကကို ကုန်သွယ်လယ်ယာစပါးဒိုင်အဖြစ် ၁၉၆၇ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အသုံးပြုခဲ့ပြီးတော့မှ ၁၉၉၄ ခုနှစ်မှာ ကုန်သွယ်လယ်ယာကုန်ဝယ်ဒိုင်အနေနဲ့ မြေစာရင်းပုံစံ(၁၀၅)ရယူထားရှိကြောင်း၊ ၁၉၉၇ ခုနှစ်က အာရှလမ်းမကြီးနှင့် ကျေးရွာလမ်းဖောက်ရာမှာ မြေနေရာတစ်စိတ်တစ်ပိုင်း ပါဝင်သွားတဲ့အတွက် ၀.၇၅ ဧကသာကျန်ရှိခဲ့ကြောင်း၊ ဒီကျန်ရှိတဲ့မြေနေရာကို ကျေးရွာအဖွဲ့အစည်းများက ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီးတော့ ၂၀၀၆ ခုနှစ်မှာ ပန်းသာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ယခု ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် ၂၀၀၉-၂၀၁၀ ခုနှစ်မှာ ပြည်သူလူထု ထည့်ဝင်ငွေနှင့် ကျေးရွာစာကြည့်တိုက်တို့ကို ဆောက်လုပ်ခဲ့ကြောင်းစိစစ်တွေ့ရှိရပါတယ်။

တမူးမြို့နယ်၊ ခမ်းပါတ်မြို့၊ အောက်တောင်းကျေးရွာအုပ်စု ဘုက္ကန်ကျေးရွာ ကွင်းအမှတ်(၉၀၃)၊ မြေဧရိယာ ၂.၃ ဧကကို ကုန်သွယ်လယ်ယာစပါးဒိုင်အဖြစ် ၁၉၆၄ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အသုံးပြုခဲ့ပြီးတော့ ၁၉၉၄ ခုနှစ်မှာ ကုန်သွယ်လယ်ယာဒိုင်အနေနဲ့ မြေစာရင်းပုံစံ(၁၀၅) ရယူထားရှိကြောင်း၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရဲ့ (၄/၂၀၁၂)ကြိမ်မြောက် အစည်းအဝေးမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လွှဲပြောင်းအပ်နှံထားရှိတဲ့ အဆိုပါ မြေ ၂.၃ ဧကကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးစာရင်းမှာ ထည့်သွင်းဖို့ဆုံးဖြတ်ချက်ချခဲ့ကြောင်း စိစစ်သိရှိရပါတယ်။

နိုင်ငံတော်ပိုင်မြေကို အောက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းများအတိုင်း လွှဲပြောင်း/လက်ခံဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြန်လည်စွန့်လွှတ်အပ်နှံသောမြေကို သက်ဆိုင်တဲ့ အထောက်အထား၊ စာရွက်စာတမ်းများနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် နိုင်ငံတော်ကို ပြန်လည်အပ်နှံရန်၊ ပြန်လည်စွန့်လွှတ်အပ်နှံတဲ့မြေများကို နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေအဖြစ် နိုင်ငံတော်ကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ထုတ်ပြန်ရန်၊ ပြန်လည်စွန့်လွှတ်အပ်နှံတဲ့ မြေများကို အလိုရှိသော ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအနေနဲ့ မြေအသုံးချခွင့်ရရှိလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် နိုင်ငံတော်ကိုလျှောက်ထားရန်၊ မြေအသုံးချခွင့်ရရှိလိုသော ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်လျှောက်ထားလာမှုအပေါ် မြေအမျိုးအစားအလိုက် နိုင်ငံတော်ကိုယ်စား မြေစီမံခန့်ခွဲပိုင်ခွင့်ရှိသော သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက တည်ဆဲ မြေအသုံးချမှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး မြေလွှဲခြင်း၊ မြေငှားခြင်း၊ မြေအသုံးပြုခွင့်/လုပ်ပိုင်ခွင့်ပြုခြင်းနှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ရန် ထိုသို့ပြန်လည် စွန့်လွှတ်အပ်နှံတဲ့မြေများကို အသုံးပြုရန် ချထားပေးပြီးပါက မြေအသုံးချမှု စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများဟာ မိမိတို့ရဲ့ ဆောင်ရွက်ပြီးစီးမှုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရန်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပန်းသာကျေးရွာရှိ ကုန်သွယ်လယ်ယာဒိုင်ဝင်းမြေ ၀.၇၅ ဧကကို ဆက်လက်အသုံးပြုရန်မရှိပါက လွှဲပြောင်းပေးအပ်နိုင်ရေးနှင့် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ကို လွှဲပြောင်းအပ်နှံထားတဲ့ ဘုက္ကန်ကျေးရွာရှိ မြေ ၂.၃ ဧကကို အပ်နှံတဲ့စာရင်းမှ ပယ်ဖျက်ပေးနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ညှိနှိုင်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ သဘောတူညီချက်ရရှိပါက မြေပြန်လည်စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနမှ နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ်သတ်မှတ်ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး အသုံးပြုရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေအဖြစ် မြေလွှဲပြောင်းခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ရွှေကူမြို့နယ်၊ စီသာကျေးရွာနှင့် မြို့ကုန်းကျေးရွာတို့တွင် ရဲကင်း သို့မဟုတ် ရဲစခန်းတစ်ခု ဖွင့်လှစ်ထားရှိရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းနိုင်၊ ရွှေကူမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးဝင်းနိုင်(ရွှေကူမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပြီး နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် ရွှေကူမြို့နယ်၊ စီသာတိုက်နယ်နှင့် မြို့ကုန်းတိုက်နယ်တို့၌ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲကင်း သို့မဟုတ် ရဲစခန်းတစ်ခုစီထားပေးရေးနှင့် စပ်လျဉ်း၍ မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ ရွှေကူမြို့နယ်၊ စီသာတိုက်နယ်သည် ရွှေကူမြို့၊ မြို့မရဲစခန်းနှင့် ၁၀ မိုင်ကျော်ဝေးပြီး ကျေးရွာအုပ်စုရှစ်အုပ်စုရှိ၍ ကျေးရွာပေါင်း ၂၀ ကျော်ရှိပါတယ်။ အချို့ရွာများသည် ၁၅ မိုင်ကျော်ခန့်ဝေးကွာပြီး လက်လှမ်းဝေးနေပါတယ်။ ကျယ်ပြန့်သောဒေသဖြစ်သဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် လက်လှမ်းမမီဖြစ်လျက်ရှိပါတယ်။ ယခင်အစိုးရများလက်ထက်၌ စီသာတွင် ရဲကင်းထားရှိခဲ့ပြီး ၁၉၈၈ ခုနှစ် အရေးအခင်းအပြီး အကြောင်းအမျိုးမျိုးကြောင့် စီသာရဲကင်းအား ယနေ့အထိ ရုပ်သိမ်းထားခဲ့ပါတယ်။ ယခုအခါတွင် ဒေသအခြေအနေအရ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် မရှိမဖြစ် လိုအပ်လာပါတယ်။

တစ်ဖန် မြို့ကုန်းတိုက်နယ်သည်လည်း ရွှေကူမြို့၏တစ်ဘက်ကမ်း ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းတွင် တည်ရှိ၍ ရွှေကူမြို့နှင့် ၁၅ မိုင်မှ ၁၈ မိုင်အထိ ဝေးကွာပြီး မြို့လှမြို့နယ်ခွဲနှင့် အလှမ်းဝေးခြင်း၊ ကျောက်ကြီးရဲစခန်းနှင့်လည်း အလှမ်းကွာဝေးသောဒေသဖြစ်ပါတယ်။ ယခုအခါ ကသာ-ဗန်းမော်ကားလမ်းနှင့် ကသာ-ဗန်းမော်ရထားလမ်းပေါ်တွင်ရှိ ရထားဘူတာများ၊ ကားဂိတ်များရှိလာပါသဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ရဲစခန်းတစ်ခုထားရှိရန် လိုအပ်လာပါတယ်။

သို့ပါ၍ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ စီသာတိုက်နယ်တွင် ရဲကင်း သို့မဟုတ် ရဲစခန်းပြန်လည်ထားရှိရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်မရှိပါက အဘယ့်ကြောင့်နည်း။ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ထားရှိပေးမည်နည်း။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ မြို့ကုန်းတိုက်နယ်တွင်လုံခြုံရေးအတွက် ရဲစခန်းတစ်ခုဖွင့်လှစ်ထားရှိရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း၊ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ထားရှိပေးမည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်၊ ရွှေကူ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော်မှ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လူဦးရေသိပ်သည်းမှု၊ မှုခင်းဖြစ်ပွားမှုနဲ့ တရားဥပဒေစိုးမိုးရေးလွှမ်းခြုံနိုင်မှု အခြေအနေများပေါ်မူတည်ပြီးတော့ မြို့မရဲစခန်း၊ နယ်မြေရဲစခန်းနှင့် ရဲကင်းရဲစခန်းများကို တိုးချဲ့ ဖွင့်လှစ်နိုင်ဖို့အတွက် ဦးစားပေးအစီအစဉ်အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်အတွင်း ရွှေကူမြို့မရဲစခန်း၊ မြို့လှနယ်မြေရဲစခန်း၊ ဘိုကုန်းရဲကင်းစခန်းနဲ့ ကျောက်ကြီးရဲကင်းစခန်းတို့ ဖွင့်လှစ်ထားရှိပါတယ်။ စီသာ(ခ) စီသောင်ရဲကင်း စခန်းကို ၁၉၇၀ ခုနှစ်က တပ်ဖွဲ့ဝင် ၁၀ ဦးနဲ့ ဖွင့်လှစ်ခဲ့ရာမှာ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ မကြာ ခဏတိုက်ပွဲဖြစ်ပွားတဲ့အတွက် ရဲကင်းစခန်းအဆောက်အဦကို စနစ်တကျဆောက်လုပ်နိုင်ခြင်းမရှိတဲ့ အတွက်ကြောင့်မို့လို့ နယ်မြေလုံခြုံရေးအခြေအနေအရ ၁၉၈၈ ခုနှစ်မှာ ရဲကင်းစခန်းကို ပြန်လည် ရုပ်သိမ်းခဲ့ပါတယ်။

စီသာ(ခေါ်) စီသောင်ရဲကင်းစခန်းနယ်မြေမှာ ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာပေါင်း ၂၅ ရွာ၊ အိမ်ခြေပေါင်း ၁၈၄၇ အိမ်၊ လူဦးရေပေါင်း ၁၃၄၄၀ ဦးနေထိုင်လျက်ရှိပါတယ်။ စီသာ(ခ)စီသောင် ကျေးရွာ ၂၅ ရွာသို့ အချိန်တိုအတွင်း သွားလာနိုင်တဲ့အပြင် ရွှေကူမြို့ကို ကျောက်ချောလမ်းရှိပြီးတော့ ကိုးမိုင်ခန့်သာကွာဝေးပါတယ်။ ဒီရဲစခန်းဟာ လက်ရှိအခြေအနေမှာ ရဲကင်းစခန်းပြန်လည်ဖွင့်လှစ်ဖို့ မြေနေရာရှိသော်လည်းပဲ အဆောက်အဦမရှိတဲ့အတွက် ဖွင့်လှစ်ရန်ကျန်ရဲစခန်းအဖြစ် ကျန်ရှိနေပါ တယ်။ မြို့ကုန်းရွာဟာ ရွှေကူမြို့ရဲ့ တစ်ဖက်ကမ်း ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ခြမ်းမှာ တည်ရှိပြီး တော့ ရွှေကူမြို့နဲ့ ၁၅ မိုင်ခန့်ကွာဝေး၍ မြေသားလမ်းနဲ့ ဆက်သွယ်ထားပါတယ်။ စင်းခန်းတံတားမှ တစ်ဆင့်သွားပါက မိုင် ၃၀ ခန့်ကွာဝေးပါတယ်။ မြို့ကုန်းကျေးရွာအုပ်စုမှာ ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၅၉၄ အိမ်၊ လူဦးရေ ၄၆၉၂ ဦး နေထိုင်လျက်ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွေမှာ မှုခင်းဖြစ်ပွားခြင်း မရှိဘဲနဲ့ ၂၀၁၄ ခုနှစ်မှာ အခြားအမှု သုံးမှုဖြစ်ပွားခဲ့ပါတယ်။ နယ်မြေလုံခြုံရေးအခြေအနေအရ ရဲစခန်း ဖွင့်လှစ်ရန် မသင့်သေးပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ကရင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်အတွင်းမှာရှိတဲ့ စီသာ (ခေါ်) စီသောင်ရဲခင်းစခန်းနဲ့ မြို့ကုန်းကျေးရွာအုပ်စုမှာ ရဲစခန်း ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မူကြမ်း**

**Biotechnology၊ Biosecurity တို့နှင့်ပတ်သက်၍ ဥပဒေများ ပြဋ္ဌာန်းထားခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေခြင်း၊ Myanmar Biosecurity Association ဖွဲ့စည်းထားခြင်း ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးထင်လင်းဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာဂါရဝပြု နှုတ်ဆက်အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် မေးမြန်းတင်ပြမယ့်မေးခွန်းကတော့ Biotechnology ဇီဝနည်းပညာ၊ Bio Safety, Bio Security ဇီဝလုံခြုံရေးစသည်တို့နှင့်ပတ်သက်တဲ့ မေးခွန်းကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါကမ္ဘာပေါ်မှာ ကျန်းမာရေးနှင့်ပတ်သက်တဲ့ ဆေးသိပ္ပံပညာ ကဏ္ဍတွေ၊ မွေးမြူရေးကဏ္ဍတွေ၊ စိုက်ပျိုးရေးကဏ္ဍတွေ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတွေမှာ Biotechnology ဇီဝနည်းပညာဟာ တိုးတက်ထွန်းကားလာလျက်ရှိပါတယ်။ ယခုလိုတိုးတက်ထွန်းကားလာတာနှင့်အမျှ ကျွန်တော်တို့ တစ်ဖက်မှာ အကျိုးကျေးဇူးတွေရရှိသလို အခြားတစ်ဖက်မှာ နည်းပညာကို အလွဲအသုံးပြုပြီးတော့ ကိုယ်ကျိုးရှာဖွေမှုတွေ၊ နောက်နည်းပညာရဲ့ ဘေးထွက်ဆိုးကျိုးတွေကြောင့် သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်စသည်တို့အပေါ်မှာ သက်ရောက်မှုတွေရှိလာနိုင်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာနိုင်တဲ့ Genetically Modified Food Product သို့မဟုတ် Genetically Modified Organism တွေ၊ နောက် Genetically Evolution ဖြစ်လာတဲ့ Organism တွေ ဝင်ရောက်လာတဲ့အခါမှာ ဒါတွေနဲ့ ပတ်သက်ဆက်စပ်ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းနိုင်ဖို့အတွက် လိုအပ်လာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ Bio Technology, Bio Safety, Bio Security များနှင့်ပတ်သက်ပြီးတော့ ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ထားခြင်းရှိ/မရှိ၊ နောက်နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ချိတ်ဆက်ဆောင်ရွက်နေခြင်းရှိ/မရှိ၊ နောက်ဆုံးအနေနဲ့ Myanmar Bio Safety သို့မဟုတ်  Myanmar Bio Security Association များ Committee များဖွဲ့စည်းဆောင်ရွက်နေ

ခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ သိရှိလိုပါသဖြင့် ရိုသေလေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်ကျော်မြတ်(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံပါ စေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ် မြောက်ပုံမှန်အစည်းအဝေးမှာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦးမှ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် Biotechnology, Biosecurity တို့နှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီး ဌာနများအနေဖြင့် ဥပဒေများ ပြဋ္ဌာန်းထားခြင်းရှိ/မရှိ၊ နိုင်ငံတကာရှိအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်နေခြင်း ရှိ/မရှိနှင့် Myanmar Biosecurity Association ဖွဲ့စည်းခြင်း ရှိ/မရှိတို့အား သိလိုခြင်းနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းလာတဲ့ကိစ္စဖြစ်ပါတယ်။ အဲ့ဒီမေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က ဆက်စပ် ဝန်ကြီးဌာနများနှင့် ညှိနှိုင်းရှင်းလင်းချက်များကို စုစည်းပြီး ပြန်လည်ဖြေကြားတင်ပြပါမယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ Biotechnology နှင့် Biosecurity တို့နှင့်ပတ်သက် ၍ ဥပဒေနှင့်နည်းဥပဒေများ ယခုအထိ ရေးဆွဲပြဋ္ဌာန်းထားခြင်းမရှိသေးသော်လည်း လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဟာ ၂၀၁၄ ခုနှစ်မှစတင်ပြီးတော့ United Nation Environment Programmed (UNEP) နှင့် The Global Environment Facility (GEF) အကူအညီဖြင့် Biosafety Law နှင့် Myanmar National Biosafety Frame Work (First draft) ကို ရေးဆွဲလျက် ရှိပါတယ်။ ယခုအခါ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသို့ ဥပဒေကြမ်းများပေးပို့ ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး တတိယမူကြမ်း(Third draft)အထိ ရေးဆွဲပြီးဖြစ်ကြောင်း သိရှိရပါ တယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လက်တွေ့အသုံးချ ဇီဝနည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ပူးပေါင်း၍ Strengthening Human Resources

and Agriculture Sector Development Project ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဇီဝနည်းပညာ ဓာတ်ခွဲခန်းကိုလည်း တည်ထောင်လျက်ရှိပါတယ်။

ထိုနည်းတူ အိန္ဒိယသမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ Advanced Center for Agriculture Research and Education (ACARE)၏ New Genetics အပိုင်းမှာ ဇီဝနည်းပညာရဲ့အခန်းကဏ္ဍများ များစွာပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ဇီဝလုံခြုံမှုဆိုင်ရာကိစ္စရပ်များအတွက် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် သီးနှံများတွင် မျိုးရိုးဗီဇပြုပြင်ထားသော သက်ရှိများ Genetic Modified Organism (GMO) ပါဝင်ခြင်းရှိ/မရှိ စစ်ဆေးခြင်းလုပ်ငန်းများနှင့် Non GMO ထုတ်ပေးခြင်းလုပ်ငန်းများအား ASEAN Task Force for Genetically Modified Food Testing Network ကွန်ယက်များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနဟာ ၁၉၉၃ ခုနှစ်တွင် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေကိုထုတ်ပြန်ခဲ့ပြီးတော့ အသစ်ပေါ်ပေါက်လာတဲ့ နယ်စပ်ဖြတ်ကျော်တိရစ္ဆာန်ကူးစက်ရောဂါများမှ ကြိုတင်ကာကွယ်ထိန်းချုပ်ရန် ပို့ကုန်သွင်းကုန်ဆိုင်ရာတိရစ္ဆာန်ထွက်ပစ္စည်းများ၏ Food Safety အတွက် လိုအပ်သော ဥပဒေများဖြည့်စွက်သွားနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးနှင့်ထိန်းချုပ်ရေးအတွက် ၂၀၀၆ ခုနှစ်တွင် ပြင်းထန်သောကြက်ငှက်တုပ်ကွေးအရေးပေါ်တုံ့ပြန်ရေးအစီအမံကို FAO နဲ့ပူးပေါင်းရေးဆွဲခဲ့ပြီးတော့ ၂၀၁၃ ခုနှစ်မှာ တရုတ်နိုင်ငံမှာ စတင်ပျံ့နှံ့လာခဲ့တဲ့ H7N9 ကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ်တုံ့ပြန်ရေးအစီအမံကို ကျန်းမာရေးဝန်ကြီးဌာန၊ FAO တို့နှင့်ပူးပေါင်းလျက် ၂၀၁၄ ခုနှစ် ဧပြီလမှစတင်ကာ မူကြမ်းရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ National Control Plan များလည်း ရေးဆွဲသွားရန်ရှိပါကြောင်းသိရှိရတယ်။

ဒါ့အပြင် အဆိုပါဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းများမှာ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)ရဲ့ Guide Lines များနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ Biosecurity နှင့်စပ်လျဉ်းပြီးတော့ (က) စာရင်းဝင်တိရစ္ဆာန်ရောဂါ (A Grade)စာရင်းဝင် တိရစ္ဆာန်ရောဂါ(၉)မျိုးကို သတ်မှတ်ထုတ်ပြန်ခဲ့ပြီး လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ကုန်သွယ်ရေး Check point များမှာ Quarantine Stations များထားရှိဆောင်ရွက်စစ်ဆေးလျက်ရှိပါတယ်။ ဓာတ်ခွဲခန်းများရဲ့

Biotechnology အတွက်နဲ့ Waste Disposal စနစ်တကျရှိရေး၊ ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် OIE၊ FAO စတဲ့ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံဒေသတွင်း ငါး/ပုစွန်ရောဂါများ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မပျံ့နှံ့စေရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ရဲ့နည်းပညာအကူအညီရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိပြီးတော့ Myanmar Biosecurity Association ကို မိတ်ဖက်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)များနှင့်ပူးပေါင်း၍ ဖွဲ့စည်းဆောင်ရွက်သွားရန် ရှိပါကြောင်းတင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့တော့ ပုသိမ်တက္ကသိုလ်မှာ Department of Biotechnology ဇီဝနည်းပညာဌာနဘာသာရပ်ဖွင့်လှစ်သင်ကြားလျက်ရှိပါတယ်။ ဂျပန်နိုင်ငံ အမျိုးသားနည်းပညာ အကဲဖြတ်တက္ကသိုလ်ကိုဗဟိုပြုပြီးတော့ အာဆီယံနိုင်ငံများနှင့်တကွ အိန္ဒိယ၊ ကိုရီးယား၊ တရုတ်၊ မွန်ဂိုလီးယားနိုင်ငံများနှင့် သင်ကြားရေးဆိုင်ရာများ၊ သုတေသနဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ချိတ်ဆက်ထားရှိပါတယ်။ Myanmar Biotechnology Association ဖွဲ့စည်းရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၀ ရက်မှာ ပြဋ္ဌာန်းပြီးတဲ့နောက် အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက် ၂၀၀၅ ခုနှစ် International Health Regulation-2005 နှင့်အညီ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားတဲ့ အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက် ၂၀၀၅ ခုနှစ်ပါ အချက်အလက်များအရ အခြားနှီးနွယ်သော ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းဖြစ်တဲ့ (FAO) ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့အနေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။

ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေနဲ့ကတော့ Biotichnology နဲ့စပ်လျဉ်းပြီးတော့ ၂၀၀၂ ခုနှစ်လောက်ကစ၍ ဇီဝနည်းပညာဆိုင်ရာသင်ကြားရေးဘာသာရပ်အဖြစ် ဘွဲ့ကြိုသင်တန်းများကို နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှာလည်းကောင်း၊ ဘွဲ့လွန်နှင့်ပါရဂူဘွဲ့သင်တန်းများကို မန္တလေးနည်းပညာတက္ကသိုလ်တွင်လည်းကောင်း၊ ဇီဝနည်းပညာဆိုင်ရာ သုတေသနလုပ်ငန်း

များကို ဆောင်ရွက်မယ့် ဇီဝနည်းပညာသုတေသနဦးစီးဌာနကြီးတစ်ခုကို တည်ထောင်ဖွင့်လှစ်ထားပါတယ်။ နောက်တစ်ခါ International Atomic Energy Agency(IAEA) နဲ့ချိတ်ဆက်၍ ဂမ္မာရောင်ခြည်အသုံးပြု၍ စပါးနှင့်မြေပဲမျိုးထွန်းသုတေသနလုပ်ငန်းများဖြစ်တဲ့ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းမှာ နည်းပညာပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဂေါ်ဖီထုပ်တွင်ကျရောက်နေသော Diamondback Moth ကို Insect အမြုံပြုလုပ်သော နည်းစဉ်ကိုအသုံးပြုပြီးတော့ ထိန်းချုပ်တဲ့သုတေသနလုပ်ငန်း၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနစီမံကိန်း၊ မြေဆီလွှာပျက်စီးမှုကို ပြုပြင်သောစီမံကိန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် ကျွန်တော်တို့ နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ဥရောပသမဂ္ဂကနေပြီးတော့ ကြီးမှူးတဲ့ CPRM အဖွဲ့အစည်းမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက Focal အဖြစ်နဲ့ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ CPRM ဆိုတာ Chemical Biological, Radiological အဖွဲ့အစည်းဖြစ်ပါတယ်။ အဲ့ဒီအဖွဲ့အစည်းမှာ ကျွန်တော် ညွှန်ကြားရေးမှူးချုပ်ဘဝတုန်းက Focal Person အဖြစ်နဲ့ဆောင်ရွက်ပြီးတော့ အခုဆိုရင် Project ပေါင်း ၁၀ ခုခန့်ကို ကျွန်တော်တို့ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် Biotechnology နဲ့ Biosecurity နဲ့ပတ်သက်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ချက်များကို အခုလို စုပေါင်းတင်ပြခြင်းဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော တောင်သူလယ်သမားအခွင့်အရေးနှင့် ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၂၄-၉-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများပြုလုပ်ခဲ့

ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၆-၉-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်ခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမှမရှိပါ။ ဒါကြောင့် တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က အဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ရက်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက် (တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ရက်ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**